ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်း

အကျဉ်းချုပ်

21.4.2022

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း အကျဉ်းချုပ်

စစ်ကောင်စီတပ်သားကျဆုံး	စစ်ကောင်စီတပ်သားဒဏ်ရာရ
(၁၅)ဦး	(၈)ဦး

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ချင်းပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ မင်းတပ်-မတူပီလမ်းမပေါ်ရှိ လည်မျိုချောင်းဆုံတွင် မတူပီခြေစိုက် ခလရ (၃၀၄) တပ်ရင်းအောက်မှ စကစတပ်နှင့် CDF-Matupi တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစဘက်မှ ဗိုလ်ကြီးအဆင့်အပါအဝင် တပ်သား (၈) ဦး သေဆုံးခဲ့ပြီး (၅) ဦး ဒဏ်ရာရရှိသွားခဲ့သည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့ စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ ရေလယ်ကျွန်းကျေးရွာသို့ ရိက္ခာပို့သည့် စကစ ကားများကို ဒေသကာကွယ်ရေးတပ်ဖွဲ့မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစ တပ်သား (၁) ဦး သေဆုံးခဲ့ပြီး (၃)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့ စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ နောင်ကြီးအိုင်ကျေးရွာ၌ တပ်စွဲထားသော စကစ တပ်သားအင်အား (၇၀) ခန့်နှင့် အရာတော်မြို့နယ် ပြည်သူ့ကာကွယ်ရေး အဖွဲ့(ပကဖ)တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစဘက်မှ တပ်သား (၃) ဦး သေဆုံးသွားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့ မန္တလေးတိုင်း၊ စဉ့်ကိုင်မြို့နယ်၊ စဉ့်ကိုင်မြို့နှင့် ပလိပ်မြို့ကြားရှိ မန္တလေး ကွန်ပျူတာတက္ကသိုလ်လမ်း အကျော်ရှိ စကစယာဉ်တန်းအား ဒေသခံကာကွယ်ရေး တပ်ဖွဲ့များဖြစ်သော M.D.Y တပ်ဖွဲ့၊ အနက်ရောင်သေမင်းတပ်ဖွဲ့၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ဗိုလ်နောင်လေး တို့မှ ပူးပေါင်း၍ မိုင်းဆွဲတိုက်ခိုက်ခဲ့သောကြောင့် စကစ တပ်သား ၃ ဦး ထက်မနည်းသေဆုံးခဲ့ကြောင်း သိရသည်။

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့ မကွေးတိုင်း၊ ထီးလင်းမြို့နယ်၊ ထီးလင်းမြို့၊ ကျင်းရွာရဲစခန်း၌ အခြေချနေသည့် စကစတပ်များသည် ကျင်းရွာအနောက်ဘက် တောင်ပေါ် (ဟန်းချောင်းကုန်း)သို့ အင်အား ၅၀ ကျော်ဖြင့် ချီတက်လာရာ ထိုစစ်ကြောင်းအား PDF (၃) ဖွဲ့ပူးပေါင်း၍ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် စကစဘက်မှ တပ်သား ၁၉ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်နှင့် ထီးလင်းမြို့နယ် နယ်စပ် မြစ်သာ ရေလှောင်တမံအနီး ပနန်းကျေးရွာ အနောက်မြောက်ဘက်၌ စစ်ကြောင်းထိုးလာသည့် စကစတပ်သား အင်အား ၈၀ ခန့်အား ဒေသခံကာကွယ်ရေးတပ်၊ Yaw Defence Force Htilin ၊ PDF – Gan Gaw နှင့် PDF – Gan Gaw တောင်ပိုင်းအဖွဲ့တို့မှ ပူးပေါင်းတိုက်ခိုက်ခဲ့ရာ အဆိုပါ တိုက်ခိုက်မှုဖြစ်စဉ်တွင် စကစဘက်မှ သေဆုံးသူများ ရှိ/ မရှိကို အတည်မပြုနိုင်သေးကြောင်း သိရသည်။

Date -21/04/22

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ကောင်စီ၏ အကြမ်းဖက်မှုများ

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ထီးပေါ်ဆိုအုပ်စု၊ ထီးသော်ကူးကျေးရွာတွင် စကစဘက်မှ လက်နက်ကြီးများနှင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ပြည်သူ့နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ သာဇင်ကျေးရွာ၌ ကျေးရွာရှိ အများပြည်သူနေအိမ်များအား စကစ တပ်သားများက မီးရှို့ဖျက်ဆီးသွားခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်၊ သီတင်းကျေးရွာရှိ နေအိမ် (၉၀) ခန့်အား စကစ တပ်သားများက ဝင်ရောက်မီးရှို့ဖျက်ဆီးသွားခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ ညောင်လှကျေးရွာရှိ နေအိမ် (၄၆)လုံးခန့် နှင့် တန်ဖိုးကြီးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို စကစ တပ်သားများက မီးရှို့ဖျက်ဆီးသွားခဲ့သည်။

ပဲခူးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့၊ ပဲခူးတိုင်း အတွင်းတွင် စအဖနှင့် စကစ သတင်းပေးအချို့မှ အမျိုးသမီးငယ်များကို ပစ်မှတ်ထား ဖမ်းဆီးနေပြီး တစ်ပတ်လျှင် အနည်းဆုံး (၅) ဦးထက်မနည်း တိတ်တဆိတ်ဖမ်းဆီးခံနေရကာ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုများ၊ မိသားစုကိုငွေညှစ်၍ တောင်းခံမှုများရှိနေကြောင်းနှင့် နယ်မြေခံရဲများက ငွေရှာပေးပြီး တပ်ထောက်ဗိုလ်ကြီးနှင့် စစ်ထောက်လှမ်းရေးမှ ကင်းကြေးဂိတ်ကြေး၊ အလောင်းကစားနှင့်ပတ်သတ်သည့် ငွေကြေးများကို နယ်မြေခံ တပ်မှူး ဆီပေးပို့နေရသဖြင့် တပ်နှင့်ရဲတပ်ဖွဲ့ဝင်များကြား ပွတ်တိုက်မှုများရှိနေကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

<u>မကွေးတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့၊ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ တပ်ကုန်းရွာသစ်တွင် စကစမှ ပျူစောထီးများအား သင်တန်းများပေးနေပြီး ကျေးရွာရှိ ပြည်သူများအား ပျူစောထီးအဖွဲ့တွင် ဝင်ရောက်ရန် အတင်းအဓမ္မစေခိုင်းခြင်းကြောင့် အချို့လူငယ်များ ထွက်ပြေးတိမ်းရှောင် နေကြရသည်။

<u>မန္တလေးတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့၊ မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ ၃၆လမ်းနှင့် ၇၁လမ်းအနီးရှိ ဦးကိုကိုလေး၏ နေအိမ်သို့ စကစများ ဝင်ရောက်စီးနင်းဖမ်းဆီးခဲ့ရာ ဦးကိုကိုလေးအား မတွေ့၍ ဇနီးဖြစ် သူ ဒေါ်စိုးစိုးအား ဓားစာခံအဖြစ်ဖမ်းဆီးသွားခဲ့ပြီးနောက် ၆ ရက်အကြာ ဧပြီလ ၁၈ရက်နေ့ ညနေပိုင်း တွင် ဂေါ်ယားကွင်းအရှေ့ရှိ မီးသတ်ရုံရှေ့တွင် ဒေါ်စိုးစိုး၏ ရုပ်အလောင်းအား စကစများ လာရောက် စွန့်ပစ်သွားခဲ့ကြောင်း သိရသည်။

<u>ရှမ်းပြည်နယ်</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်၊ သီပေါမြို့၊ မြို့လယ်ရပ်၊ အနောက်ရပ်နှင့် ဘောလုံးကွင်းတိုက်တန်းများတွင် မီတာခ မဆောင်သည့် နေအိမ်များကို စကစတပ်သား၊ ရဲနှင့် လျှပ်စစ်ဝန်ထမ်းများက မီးတိုင်မှတစ်ဆင့် မီးဖြတ်သွားကြောင်း သိရသည်။

<u>ရန်ကုန်တိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့၊ ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ သံဖြူရုံကျေးရွာတွင် အရပ်ဝတ်များဖြင့် သေနတ်များကိုင်ဆောင်ထားသော စကစတပ်ဖွဲ့ဝင်များသည် ကိုရဲလွင်ဦးအား လာရောက်ရှာဖွေခဲ့ပြီး မတွေ့သဖြင့် ကိုရဲလွင်ဦး၏ မိသားစုဝင် ၃ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

<u>ဧရာဝတီတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့၊ ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ မအူပင်မြို့ရှိ ကလေးကစားစရာ အရောင်းဆိုင်အား စကစတပ်များ ဝင်ရောက်ရှာဖွေခဲ့ကာ မအူပင်မြို့တွင် တာဝန်ကျနေသည့် စကစတပ်မှ စစ်ဦးစီး ပထမတန်း ဒုတိယဗိုလ်မှူးကြီး နိုင်လွင်၏ ခိုင်းစေချက်ကြောင့် ဝင်ရောက်ရှာဖွေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။